# မှတ်သားစရာ

×××××××××××××××

ဥပုသ်နေ့တစ်နေ့တွင်ဖြစ်သည်။

ဥပုသ်ဖြေကျောင်းဆရာမကသူ့အတန်းသားများကိုမေးခွန်းတစ်ခုကိုမေးပါသည်။ “ကလေးတို့၊ ကမ္ဘာဦးကျမ်းမှာအာဒံနဲ့ဧဝ တို့ဟာပရဒိသုဘုံလို့ခေါ်တဲ့ ဧဒင်ဥယျာဉ်ထဲမှာဘယ်လောက်ကြာကြာ နေထိုင်ရသလဲကွဲ့. . . ”

တကယ်တော့ဆရာလိုချင်သည့်အဖြေမှာ. . .

“ရှေးမြွေဟောင်းလို့ခေါ်တဲ့စာတန်ရဲ့လှည့်စားမှုမခံရခင်အချိန်အထိ၊ ဒါမှမဟုတ် အပြစ်သစ်သီးကို မစားရခင်အချိန်အထိ” ဟူ၍ဖြစ်သော်လည်း၊ ကလေးငယ်တစ်ယောက် (တောင်တန်းဒေသမှလာသူ) က သွက်လက်စွာဖြင့်. . . .

“စက်တင်ဘာလ (၁၅) ရက်နေ့အထိဖြစ်ပါတယ်။”

“ဟိုက်”

ဆရာခမျာ အံ့သြကြီးစွာဖြင့်ဘယ်လိုကြောင့်လဲဟု တုန့်တုန့်ဆိုင်းဆိုင်း မေးရလေသည်။

ကလေးငယ်ကတော့ တိတိကျကျပင်. .

“သူတို့ကပန်းသီးစားပြီးမှထွက်သွားရတာမဟုတ်လား”

ကြည့်စမ်း။ ပန်းသီး. . . . တဲ့။ အတိအကျဘဲ။ ဆရာက အင်း. . . . ထားပါတော့ဟုဖြေလျှင်. . .

“ပန်းသီးဆိုတာမျိုးကစက်တင်ဘာလ (၁၅)ရက်ထက်စောပြီးမှည့်လေ့မှည့်ထမှမရှိတာ။ ပန်းသီးမှည့်မှ ဧဝကစားရမှာ။ ဒါကြောင့်စက်တင်ဘာလ (၁၅) ရက်နေ့အထိ ဧဒင်ဥယျာဉ်ထဲမှာကျိန်းသေရှိကိုရှိရမယ်” တဲ့

ကဲ. . . . . မှတ်သားစရာမကောင်းပေဘူးလား။

*(ဆိုး စုဆောင်းတင်ပြသည့်ဓမ္မဟာသများထဲမှကောက်နှုတ်တင်ပြထားပါသည်။)*

